# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

# DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## (နအဖ)စစ်အစိုးရအာဆီယံအလှည့်ကျ ဥက္ကဌနေရာကိုစွန့်လွှတ်လိုက်ခြင်းအပေါ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ၏ သဘောထားအမြင်

**'အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီပြန်လည်ထွန်းကားရေးအပေါ် အာရုံစိုက်ရန်'** ဆိုတဲ့ အကြောင်းပြချက်ပေးပြီး (နအဖ) စစ်အစိုးရက အာဆီယံအလှည့်ကျဥက္ကဌနေရာကိုစွန့်လွှတ်လိုက်သည်။

အကယ်၍သာကျနော်တို့တိုင်းပြည်၌အမျိုးသားသွေးစည်းညီညွတ်မှုရှိပြီး၊ ဒီမိုကရေစီသာရှိနေမည်ဆိုလျှင် **'အာစီယံ အလှည့်ကျဥက္ကဌနေရာ'** သည် တိုင်းပြည်နှင့်ပြည်သူများကို ဒေသတွင်းနှင့်နိုင်ငံတကာမျက်နှာစာတွင်နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး အခွင့်ကောင်းတွေရရှိရန်အတွက် အကောင်းဆုံးသော အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။

ယနေ့ကာလသည် တစ်ကမ္ဘာလုံးအပြန်အလှန်ဆက်စပ်ယှက်နွယ်နေသည့် (Globalization)ခေတ်ကာလ တစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံတကာနှင့်ဒေသတွင်းနိုင်ငံများသည်၊ မိမိတိုင်းပြည်နှင့်အမျိုးသားအကျိုးစီးပွားဖြစ်ပေါ်နိုင်မည့်၊ မည့်သည့်အခွင့်အလမ်းကိုမဆို အမိအရ ဆုပ်ကိုင်ပြီး ဆောင်ရွက်နေကြသည့် ကာလဖြစ်သည်။

(နအဖ)စစ်အစိုးရသည် ဤကဲ့သို့သောတိုင်းပြည်နှင့် တစ်မျိုးသားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် အခွင့်အလမ်းကောင်းများကို စစ်အာဏာရှင်စနစ်တည်မြဲခိုင်မာရေးအတွက်သာ ရှေ့ရှုဆောင်ရွက်နေသည်မှာ လွန်စွာဝမ်းနည်းစရာ ကောင်းသည်။

အာဆီယံသို့စစ်အစိုးရဝင်ခဲ့ခြင်းမှာလည်း၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နည်းပညာ၊ ယဥ်ကျေးမှုစသဖြင့်နယ်ပယ်အသီးသီး အပြန်အလှန် ဖလှယ်နိုင်ရေးထက် (နအဖ)စစ်အစိုးရ၏ ပြည်တွင်းနှင့် နိုင်ငံတကာမိသားစုများ၏ ပြစ်တင်ဝေဖန်နေမှုများ၊ ဖိအားပေးနေမှုများကို ရှောင်ရှားနိုင်ရန်နှင့် စစ်အစိုးရအုပ်စိုးမှု သက်ဆိုးရှည်ရေးအတွက်သာဖြစ်နေပါသည်။

ကျနော်တို့တိုင်းပြည် တည်ရှိနေသရွေ့ မည်သူမျှရွှေ့ပြောင်းပစ်လို့မရသည့် ပထဝီအနေထား အားသာချက်များကိုသာ အသေအချာ အရအမိအသုံးချနိုင်ခဲ့ပါလျှင် ဒေသတွင်းနိုင်ငံများအကြားတွင် ကျနော်တို့နိုင်ငံ၏ နိုင်ငံရေး၊သံတမန်ရေး၊ စီးပွားရေး၊ အဆင့်အတန်းသည်၊ သည့်ထက် အများကြီးမြင့်မားလာစရာရှိသည်။

တောင်အာရှနှင့် အရှေ့တောင်အာရှကိုဆက်သွယ်ပေးသည့် သေနင်္ဂဗျူဟာတံခါးဝဖြစ်နေခြင်း၊ အံ့ဘနန်းစီးပွားရေး တိုးတက်မှုတွေဖြစ်ပေါ်နေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ အကြားတွင်တည်ရှိနေခြင်း၊ ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းရှိနေခြင်း၊ ရေနံ သဘာဝဓါတ်ငွေ့သိုက်များတည်ရှိနေခြင်းစသည့် နိုင်ငံရေး၊ စီးပွားရေးအရ၊ သေနင်္ဂဗျူဟာ အချက်အချာကျမှုတန်ဖိုးများကို၊ အမျိုးသားသွေးစည်းညီညွတ်မှုနှင့် ဒီမိုကရေစီဟူသော နိုင်ငံရေးတည်ငြိမ်မှုတန်ဖိုးများနှင့် ပိုင်နိုင်စွာဆက်စပ်နိုင်လိုက်လျှင် ကျနော်တို့နိုင်ငံ၏ ပြည်ပရင်းနှီးမြုပ်နှံမှုများ ဆွဲဆောင်နိုင်မှုနှင့် ဖွံ့ဖြိုးဝေစည်မှုမှာ အိမ်နီးချင်းနိုင်ငံများကပင် အားကျအတုယူစရာဖြစ်လာမည်မှာ အသေအချာပင်ဖြစ်သည်။

ထိုသို့သော(နအဖ) စစ်အစိုးရခေါင်းမာမိုက်မဲမှုများကြောင့် အဆိုပါအခွင့်အလမ်းများကို ကျနော်တို့လက်လွှတ် ဆုံးရှုံးနေရသည်။

ဤဖြစ်ရပ်က ကျနော်တို့တိုင်းပြည်တွင် အမျိုးသားသွေးစည်းညီညွတ်ရေးနှင့် ဒီမိုကရေစီသည် မည်မျှအရေးပါပြီး၊ မည်မျှလိုအပ်နေသည်ကို အထင်အရှားပြသနေပါသည်။

(နအဖ)စစ်အစိုးရ အာစီယံအလှည့်ကျသဘာပတိနေရာစွန့်လွှတ်လိုက်ခြင်းကို လက်တွေ့နိုင်ငံရေးအကျိုးစီးပွား ရှုဒေါင့်တစ်ခုထဲကသာကြည့်လျှင် ကျနော်တို့အတွက်စစ်အစိုးရကို ထိုးနှက်နိုင်လိုက်သည့်အောင်ပွဲတစ်ခုဖြစ်သည်။

တိုင်းပြည်နှင့်လူမျိုးစုံပြည်သူများ၏ ရေရှည်အကျိုးစီးပွားရှုဒေါင့်ကကြည့်လျှင်မူ ကျနော်တို့တိုင်းပြည်နှင့်တစ်မျိုးသားလုံးအကျိုးစီးပွားကို လွန်စွာမှထိခိုက်နစ်နာပြီး၊ အမျိုးသားဂုဏ်သိက္ခာကျဆင်းခဲ့ရသည်။

(နအဖ)စစ်အစိုးရအတွက်လည်း နိုင်ငံတကာနှင့်ဒေသတွင်းမျက်နှာစာတွင် အရှက်တကွဲအကျိုးနဲဖြစ်ရသည့်ကိစ္စ တစ်ရပ်ဖြစ်သည်။

ဤသည်မှာ အမျိုးသားသွေးစည်းညီညွတ်ရေးနှင့် ဒီမိုကရေစီမရှိခြင်း၏ ခါးသည်းနာကျည်းဖွယ်ရာ အကျိုးဆက် တစ်ရပ် ပင်ဖြစ်သည်။

သို့ပါ၍ ကျနော်တို့တိုင်းပြည်နှင့် တစ်မျိုးသားလုံးအတွက် အရင်းခံလိုအပ်နေသော အမျိုးသားသွေးစည်းညီညွတ်ရေးနှင့် ဒီမိုကရေစီရေးကို အမြန်ဆုံးဖေါ်ဆောင်နိုင်ရန် ကျနော်တို့အင်အားစုအသီးသီးက အားသွန်ခွန်စိုက်လုံးပမ်းသွားကြပါစို့။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ဗဟိုဌာနချုပ်)
၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်။


ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ – 01-6758731(ကိုခင်မောင်တင့်)
01-4759223(ကိုငွေလင်း)

ဆက်သွယ်ရမည့် ဖက်/ဖုန်း – Fax-055-534758
Phone:055-532462(Office)
Phone:055-542076(Office)

ဆက်သွယ်ရမည့် လိပ်စာ – P.O Box(50) ,Mae Sot , Tak(63110), Thailand